Maung NAY WIN
Language ----Myanmar

## နောင်တနှင့် အပြစ်လွတ်ခြင်းဆိုင်ရာ ရုံးဌာန၏ ဩဝါဒပစိတ်ကဏ္ဍ၏ အရေးကြီးခြင်းနှင့် ချိုးဖျက်မရသော အာပါဒ် ဖြေခြင်းစည်းတို့အပေါ် ထုတ်ပြန်စာ။

**NOTE OF THE APOSTOLIC PENITENTIARY ON THE IMPORTANCE OF THE INTERNAL FORUM AND THE INVIOLABILITY OF THE SACRAMENTAL SEAL (THE SEAL OF CONFESSION)**

ဘုရား၏ သားတော်သည် လူ့အဖြစ်ယူခြင်းအားဖြင့် လူသားအားလုံးနှင့် လက်တွေ့ကျစွာ ပေါင်းစည်းခဲ့ပေသည်။ သူ၏ တရားဒေသနာကိုယ်ကျင့်တရားအားဖြင့် လူသားတို့၏ ချိုးဖျက်မရနိုင်သော လူ့ဂုဏ်သိက္ခာကို ပေါ်လွင်စေခဲ့ပေသည်။ သူ၏သေခြင်းရှင်ပြန်ထမြောက်ခြင်းအားဖြင့် အပြစ်နှင့် သေခြင်းတရားကို ကျော်လွန်လျက် အပြစ်၌ကျရှုံးသော လောကလူသားအားလုံးအား ကူညီစောင်မ တော်မူခဲ့ပေသည်။ သူ၌ယုံကြည်သူများသည် ခမည်းတော်ဘုရားအား သိမြင်နိုင်ပေ၏။ ဝိညာဉ်တော်ဘုရားစေလွှတ်လျက် ယုံကြည်သူများကို (တနည်းအားဖြင့်) သားတော်ဘုရား၏ ပရောဖက်အဖြစ် ရှင်ဘုရင်အဖြစ် ဘုန်းကြီးအဖြစ်သော ဆောင်ရွက်ချက်များ၌ ပါဝင်သူများအားဖြင့် အသင်းတော်ကို သူ၏ ခန္ဓာကိုယ်အဖြစ် ရည်ညွှန်းပူဇော်ဆက်ကပ်ခဲ့ပေသည်။အကြောင်းမူကား ဤအရာသည်သားတော်ဘုရား၏ တည်ရှိခြင်းနှင့် လူသားတို့အား အချိန်အခါမရွေး အမှန်တရားကို ဝေငှကြေငြာခြင်း သားတော် တော်ဘုရား၏ အလင်းတန်းဆီသိုကူညီလမ်းပြခြင်းအားဖြင့် လူသားတို ၏ဘဝပိုမိုမှန်ကန်မြင့်မြတ်ရာစီသို့ဦးတည်စေသော သာသနာပြုခြင်းဖြစ်သည်။

မျက်မှောက်ခေတ်ကာလ၌ တိုးတက်လျက်ရှိသော သိပ္ပံနည်းပညာတို့သည် လူ့ဂုဏ်သိက္ခာနှင့် ကိုက်ညီသော တိုးတက်သော လူ့အဖွဲ့အစည်းကို ကူညီဖေးမရာ၌ လိုအပ်ချက်များစွာနှင့်... ဘုရားရှင်အားမေ့လျက် စစ်မှန်သော ယဉ်ကျေးမှုလူ့အဖွဲ့အစည်းသည် ယိမ်းယိုင်ကာ...။ အရမ်းကြီးမဆိုးပါဘူးဆိုရင်တောင် နေရာတိုင်းလိုလိုဝယ် လူသားတို့၏ လူသားအဖြစ်အနှစ်သာရနှင့် တည်ရှိခြင်း(တနည်းအားဖြင့်) အသင်းတော်၏ တည်ရှိခြင်းကို အသိအမှတ်ပြုခြင်းနှင့် လေးစားတန်ဖိုးထားခြင်းတို့ မေးမှိန်ကျဆင်းလျက်...။

သိပ္ပံနည်းပညာတိုးတက်မှုက မှန်ကန်သော လူ့ဂုဏ်သိက္ခာတိုးတက်ခြင်းနှင့် မကိုက်ညီလျှင် မှန်ကန်သော တိုးတက်ခြင်း မမည်ပဲ လူသားများနှင့် ကမ္ဘာမြေကြီးအတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်နေပေမည်။ နေ့စဉ်လူပ်ရှားရုန်းကန်ခြင်း၏ ဆက်သွယ်ရေးကဏ္ဍဝယ် နည်းပညာတွေ ပိုမိုနေရာယူလာလျက်ရှိသည်။ အကျိုးဆက်အနေနဲ့ နည်းလမ်းနှင့် ကိုယ်ကျင့်စာရိတ္တ အချိုးမကျသော သတိပေးသံတွေ ထွက်ပေါ်လာတယ်။ နည်းလမ်းမမှန်သော လူထုဆက်သွယ်ရေးကဏ္ဍက အမှန်တရားကို ဆန့်ကျင်သွေဖယ်ရာမြောက်လို့ ဘုရားနှင့် လူသားတို့ကို သွေဖယ်ဆန့်ကျင်ခြင်းမည်ပေသည်။

အခုနောက်ပိုင်း ဆယ်စုနှစ်တွေမှာ ထင်ယောင်ထင်မှား သိမြင်နားလည်ခြင်းတွေနဲ့ပဲ “သတင်း” ကို နားစွင့် နေကြတာ တကယ့် ဆက်သွယ်ရေး၏ တည်ရှိမှုအလား နေရာယူလာတယ်။ ယုံကြည်သူဘာသာဝင်တို့သည်လည်း ဒီလို ထင်ယောင်ထင်မှားတွေကြား ပါဝင်ပတ်သက်မိတတ်ကြတယ်။ အချို့ယုံကြည်သူဘာသာဝင်တွေဒီ “သတင်း” နောက်ကိုပဲ လိုက်ရင်းသူတို့ရဲ့ အရည်အချင်းတွေကို ဖြုန်းတီးလျက် သန့်ရှင်းမြင့်မြတ်တဲ့ အသင်းတော်နဲ့ လူတွေရဲ့ တာဝန်ကို ဆန့်ကျင်ရာကျလာတယ်။ ဒီအတွက် ဘုရားသခင်၏ နှုတ်ကပတ်တော် သတင်းဝေငှခြင်းနဲ့သာသနာပြုခြင်းကို ခက်ခဲဖြစ်စေတယ်။ ရိုးသားနှိမ့်ချစွာ ဝန်ခံရရင် အသင်းတော်၏ ဘုန်းတော်ကြီးများနှင့် ဆရာတော်ကြီးများကလည်း ဒီ“သတင်း” ထဲမှာပဲ ပါဝင်နားယောင်မိလျက်နေတယ်။

အမျိုးမျိုးသော သတင်းအချက်အလက်များ ကိုယ်တိုင် သီးသန့်ပုဂ္ဂလိက အကြောင်းအရာသတင်းအချက်အလက်တွေကအစ ပျံ့နှံ့နေပြီး လူ့အသိုင်းအဝိုင်းနှင့် အသင်းတော်၏ ဂုဏ်ပုဒ်ကို ထိခိုက်လာတယ်။ သူတစ်ပါး၏ဂုဏ်သတင်းကိုလည်း မရိုမသေဥပဒေမဲ့ ထိခိုက်လာတယ် (ကာနွန် ဥပဒေ ၂၂၀)။ သံပေါလူး၏ ဂလာတိမြို့သားတို့ထံ ရေးသော စာက အမှတ်ရစရာ "ညီအစ်ကို သင်တို့ဟာ လွတ်လပ်မှုရဖို့ ခေါ်တော်မူခြင်းခံရပေသည်။ ထိုလွတ်လပ်မှုကို ခုတုံးလုပ်ပြီး အပြစ်ရှိတဲ့ အလိုဆန္ဒနောက် မလိုက်ကြပါနဲ့ အချင်းချင်းနာကျင်စေမယ်တိုက်ခိုက်နေမယ်ဆိုရင် အချင်းချင်းဖျက်စီးရာပဲရောက်မှာမို့လို့ သတိထားကြပါ (ဂလာတိ ၅ : ၁၃–၁၅ )" ။

အထက်ပါအကြောင်းအရာတွေထဲမှာ အသင်းတော်အတွက် အနုတ် အပျက်သဘောဆောင်သော အလားအလာတွေဆီဦးတည်လျက်...။ အသင်းတော်၏ အစေခံဘုန်းတော်ကြီးများ၏ အများသူငှာကို အနှောက်အယှက်ဖြစ်စေသော အလွဲသုံးစားမှုများမှာ သတိထားစရာ...။ ဒီခြေနေဖြစ်ပျက်က အသင်းတော်၏ ပုံရိပ်ကို ထိခိုက်စေတယ်။ တစ်ခါတစ်လေ မလျှော်မကန်မသင့်ဆောင်ပဲ အသင်းတော်၏ ကိုယ်ပိုင်ဥပဒေနည်းစနစ်ကို နိုင်တော်ဆိုင်ရာဥပဒေတွေနဲ့ ရောထွေးလက်ခံလိုက်ကြတယ်။

ဤခြေနေတွေကို ထောက်ရှုလျက် အသင်းတော်၏ – နောင်တနှင့် အပြစ်လွတ်ခြင်းဆိုင်ရာ (APOSTOLIC PENITENTIARY) ရုံးချုပ်မှ အသင်းတော်အတွင်း ဆက်သွယ်ရေးဆိုင်ရာ ခြေနေအချက်အလက်များ စက္ကရမင်းတူးချည်နှောင်ခြင်း မှတ်သား (sacramental seal) အာပါဒ်ဖြေခြင်းစည်း ဝိညာဉ်ရေးဆိုင်ရာ ထိန်းသိမ်းရမည့် လျှို့ဝှက်ချက်(confidentiality in the extra-sacramental internal forum) ထိပ်တန်းလျှို့ဝှက်ချက်များ နှင့် အခြားအရေးကြီးသော ဆက်သွယ်ခြင်းဆိုင်ရာ အချက်အလက်များကို ပိုမိုသိမြင်နားလည်မြင့်တင်ပေးနိုင်ရန် ဤစာချွန်တော်ထုတ်ပြန်အပ်ပါသည်။

## ၁။ စက္ကရမင်းတူးဆိုင်ရာ ချည်နှောင်ခြင်းအမှတ်အသား (သို့)အာပါဒ်ဖြေခြင်း စည်း (sacramental seal)

အာပါဒ်ဖြေခြင်း (ပြန်လည်ကျေအေးသင်မြတ်ခြင်း) စက္ကရမင်းတူးအကြောင်းဝေငှစဉ် ယခုပုပ်ဖရန်စစ်က ဒီစက္ကရမင်းဘူးမှာ လိုအပ်ချက်အဖြစ် မဖြစ်မနေအရေးပါသော ချည်နှောင်ခြင်းအမှတ်အသား (သို့) အာပါဒ်ဖြေခြင်း စည်း ကို သွန်သင်ပြောပြပါတယ်။ အာပါဒ်ဖြေခြင်း (ပြန်လည်ကျေအေးခြင်း) စက္ကရမင်းတူးမှာ အပြစ်ဖြေသူ၏ဖွင့်ဟဝန်ခံပြောကြားခြင်းသည်အပြင်သို့မပေါက်ကြားရပေပဲလျှို့ဝှက်ချက်အဖြစ်တည်နေရပေသည် ။ အာပါဒ်ဖြေခြင်း စက္ကရမင်းတူး၌ ချိုးဖျက်မရသော လျှို့ဝှက်ခြင်း (သို့)အာပါဒ်ဖြေခြင်း စည်း သည် ဘုရားနှင့်ဆိုင်သောဥပဒေမှတိုက်ရိုက်လာပြီး စက္ကရမင်းတူး၏ ဖြစ်တည်ရှိမှု သဘာဝအဖြစ် တည်ရှိပေ၏။ ဤစက္ကရမင်းတူးဆိုင်ရာလျှို့ဝှက်ချက်သည်အသင်းတော်အတွင်းရောအပြင်လူမှုအသိုင်းအဝိုင်းမှာပါချွင်းချက်မရှိပေ။ အာပါဒ်ဖြေခြင်းစက္ကရမင်းတူးသည် သားတော်ဘုရားကိုယ်တိုင် လူသားတို့၏ ကယ်တင်ခြင်းအတွက် လိုအပ်သော အကူအညီအဖြစ်ဆောင်ရွက်ရန် သူ၏ တပည့်တော်ကြီးများတို့ကို အပ်နှင်းခဲ့သည်။

ဘုန်းတော်ကြီးတို့သည်စက္ကရမင်းတူးကျင်းပချိန် "သခင်ယေရှု၏ နေရာ နာမည်၌" ပါဝင်ကျင်းပထမ်းဆောင်လေ၏။ သခင်ယေရှုသည်သူ၏ နာမနဲ့"ကျွန်ုပ်" ဆိုသောအမည်အားဖြင့် သူနှင့်ပေါင်းစပ်ခြင်းဖြင့် သူ၏အမြဲထာဝရ အနှိုင်းမဲ့ဘုန်းကြီးအဖြစ်ကိုပေါ်လွင်စေပေသည်။ သူသည် အနှိုင်းမဲ့ဘုန်းကြီးအဖြစ် ကမ္ဘာလောကဝယ် တည်ရှိပေသည်။ သခင်ယေရှု၏ နာမ၌ "ကျွန်ုပ်"ဆိုသော အမည်ဝေါဟာရအားဖြင့် သူ၏သွေးတော်သားတော် ဖန်ဆင်းလျက် သူ၌ပေါင်းစပ်စေ၏။ သခင်ယေရှု၏ အမည်နာမ၌ "ကျွန်ုပ်"ဆိုသောဝေါဟာရအမည်အားဖြင့်သာပင်လျှင်လည်း အပြစ်တို့ကို ခွင့်လွှတ်နိုင်ခွင့်ရှိပေသည်။

ဘုန်းတော်ကြီးထံ အာပါဒ်ဖြေခြင်းသည်လူ့အဖြစ်ယူတော်မူသော သားတော်ဘုရား သန့်ရှင်းစင်ကြယ်သော အသင်းတော်နှင့် ဘုန်းတော်ကြီးတို့၏ နက်နဲဖွယ်ရာ အဖြစ်အခြေအနေ၌ပါဝင်ပတ်သက်ခဲ့ခြင်းဖြစ်ပေသည်။ ဤ စက္ကရမင်းတူးအားဖြင့် ဘုရားရှင်အားထိတွေခံစားနိုင်လျက် ဘုရားရှင်သည် လူတို့အား ကူညီစောင်မတော်မူပေသည်။ ထို့ကြောင့် ဤစက္ကရမင်းဘူး၏ ချည်နှောင်ခြင်းအမှတ်အသားအဖြစ် အာပါဒ်ဖြေသူ၏ အပြစ်တို့ကို ဘုန်းတော်ကြီးသည် အပြင်သို့ပေါက်ကြားစေနိုင်ခွင့်မရှိပေ။ ဤအခြေအနေသည် အပြစ်လျှောက်သူကို သစ္စာရှိရုံမက ခရစ်တော်ဘုရားရှင်နှင့် သူ၏အသင်းတော်၏ ကယ်တင်ခြင်းဆိုင်ရာ လုပ်ငန်းတွင် ပါဝင်လုပ်ဆောင်ခြင်း ဖြစ်ပေသည်။

ဤအာပါဒ်ဖြေခြင်းစည်း(သို့)စက္ကရမင်းတူး၏ချည်နှောင်ခြင်းအမှတ်အသားဖြစ်သောအာပါဒ်ဖြေခြင်းမှကြားသိရသောအပြစ်တို့ကိုဘုန်းတော်ကြီးသည်အပြင်သို့မပေါက်ကြားစေရခြင်းဆိုသောအချက်ကိုအသင်းတော်၏ ဥပဒေကာနွန် ၉၈၃-၉၈၄ အရှေ့တိုင်းအသင်းတော်ဥပဒေကာနွန်ကာနွန် ၁၄၅၆ နှင့် အသင်းတော်၏ သွန်သင်ချက်အမှတ် ၁၄၆၇ တို့ တွင်ဖော်ပြသွန်သင်ထားပေသည်။ ဤစည်းကမ်းချက်သည် ခရစ်တော်ဘုရားရှင်ကိုယ်တိုင်သွန်သင်တည်ထောင်ခဲ့ပေသည်။

စကားလုံးအားဖြင့်သော်လည်းကောင်း ဟန်အမူအရာအားဖြင့်သော်လည်းကောင်း ဘုန်းတော်ကြီးသည် အာပါဒ်ဖြေသူ၏ အပြစ်တို့ကို တစ်ပါးသူသိမြင်အောင်ပြောဆိုပြုမူနိုင်ခွင့် မရှိပေ (ကာနွန် ၉၈၃ အပိုက် ၁) ။ ယုံကြည်ရာအချက်၏ သွန်သင်ချက်ကား “ အာပါဒ်ဖြေသူ၏ အပြစ်အသေး အကြီး ထင်ရှားသည်ဖြစ်စေ၊ မထင်ရှားသည်ဖြစ်စေ အပြင်သို့ ပေါက်ကြားစေနိုင်ခွင့်မရှိပေ။ ” ထို့ကြောင့် ဘုန်းတော်ကြီးသည် ဤအာပါဒ်ဖြေခြင်းမှ ကြားသိချက်များကို စောင့်စည်းထိန်းသိမ်းရပေမည်။

ဘုန်းတော်ကြီးသည် လူသားတစ်ဦးသာမာန်နားထောင်ခြင်းကဲ့သို့ မဟုတ်ဘဲ ဘုရားရှင်၏ နာမ၌ နားထောင်တော်မူသည်။ ဘုန်းတော်ကြီးသည် ဤ စက္ကရမင်းတူး၏ ချည်နှောင်ခြင်းအမှတ်အသားဖြစ်သော ကြားသိသော အကြောင်းအရာများကို လူသားအဖြစ်သူကိုယ်ပိုင်နာမ၌ မသိသကဲ့သို့ နေရပေမည်။ တစ်ခါတစ်ရံ အာပါဒ်ဖြေခြင်း၌ လိုအပ်သည်ရှိသော် စကားပြန်သုံးသော ခြေနေတွေ ရှိတတ်ပါသည်။ ထိုအခြေအနေ၌ ထိုစကားပြန်သည် လည်း ကြားသိရမှုကို ထိန်းသိမ်းရမည့်တာဝန်ရှိပေသည်(ကာနွန် ၉၈၃ အပိုက် ၂)

အာပါဒ်ဖြေသူမှ တိကျသေချာသော သဘောတူညီချက်ခွင့်တောင်းချက်မပါပဲ ဤအာပါဒ်ဖြေသူနှင့်လည်း ကြားသိရသမျှကို အာပါဒ်ဖြေခြင်း၏ အပြင်ဘက်၌ ပြောဆိုခွင့်မရှိပေ။ အာပါဒ်ဖြေခြင်း စက္ကရမင်းတူး၏ ချည်နှောင်ခြင်းအမှတ်အသားဖြစ်သောကြားသိရမှုကိုအပြင်သို့မပေါက်ကြားစေရခြင်းနှင့်ဤစက္ကရမင်းတူး၏ သန့်ရှင်းစင်ကြယ်ခြင်းတို့ကိုမကောင်းသောအရာများနှင့်ယှဉ်တွဲလို့မရပေ။ဤစက္ကရမင်းဘူးကပင်မကောင်းသောအရာများကိုဘုရားရှင်၏မေတ္တာ၌သန့်ရှင်းစင်ကြယ်စေတော်မူပေသည်။ဘုန်းတော်ကြီးသည်အပြစ်ခွင့်လွှတ်ပေးရန်ပြစ်မှုများကျူးလွန်ထားသူအားတရားရုံးသွားရန်တောင်းဆိုခွင့် မရှိပေ၊ အာပါဒ်ဖြေခြင်းစက္ကရမင်းတူး၌ စစ်မှန်သော နောင်တသံဝေဂနှင့်အတူအပြစ်မလုပ်ရန်ခိုင်မာသော ဆုံးဖြတ်ချက်သည် အာပါဒ်ဖြေသူ၏ လိုအပ်ချက်ဖြစ်ပေသည်။

တစ်ပါးသူအသုံးချအလွဲသုံးစားပြုခံရသော အပြစ်ကို လာလျှောက်သူအား ဘုန်းတော်ကြီးသည် အသင်းတော်နှင့်ဆိုင်သောအရာကိုလည်းကောင်း အရပ်ဘက်လူ့အဖွဲ့အစည်းနှင့်ဆိုင်သောအရာကိုလည်း အမှန်တရား အတွက် လိုအပ်သော ညွှန်ကြားချက်ပေး၍ ကူညီပါဝင်ရပေမည်။

အာပါဒ်ဖြေခြင်းစည်းကို အရပ်ဘက်နိုင်ငံသားတို့ဘက်မှ ချိုးဖောက်ရန် ဖိအားပေးခိုင်းစေခြင်းသည် အသင်တော်၏လွတ်လပ်မှုကို ဆန့်ကျင်ရှုတ်ချရာ ရောက်ပေသည်။ဤအာပါဒ်ဖြေခြင်းစည်းသည် အရပ်ဘက်နိုင်ငံသားတို့ဆီမှလာသော အခွင့်အာဏာမဟုတ်ပေ။အရပ်ဘက်နိုင်ငံသားတို့မှ အာပါဒ်ဖြေခြင်း စည်းကို

တနည်းနည်းဖြင့် ချိုးဖောက်စေခိုင်းစေလျှင် ဘာသာရေးလွတ်လပ်မှုကို ဆန့်ကျင်ချိုးဖောက်ရာရောက်ပေမည်။ အာပါဒ်ဖြေခြင်းစည်းကို ချိုးဖောက်ခြင်းသည် အပြစ်၌ရှိသော အပြစ်သားတို့ကို ချိုးဖောက်ရာရောက်ပေသည်။

## ၂။ စက္ကရမင်တူးမဟုတ်သော ဩတ္တပစိတ်ကဏ္ဍနှင့် ဝိညာဉ်ရေးလမ်းညွှန် (Extra-sacramental Internal Forum and Spiritual Direction)

အာပါဒ်ဖြေခြင်း စက္ကရမင်းတူး၌ ကျွန်ုပ်တို့သည် ဩတ္တပစိတ်ကို ဆန်းစစ်လျက်ပါဝင်ခံယူကြပေသည်။ဤ အာပါဒ်ဖြေခြင်း စက္ကရမင်းတူးအပြင် ကျွန်ုပ်တို့၏နေ့စဉ်အသက်သာ၌ လှတ္တပစိတ် စိတ်၏အသိပေးလှုံ့ဆော်ခြင်းသည် စက္ကရမင်တူးမဟုတ်သော ဩတ္တပစိတ်ကဏ္ဍအဖြစ် တည်ရှိပေသည်။ဤဩတ္တပစိတ်ကဏ္ဍတွင်လည်း အသင်တော်သည် ပါဝင်ကူညီပေးသည်။ တစ်ဦးစီတိုင်း၏ကိုယ်ပိုင် ဩတ္တပစိတ်နတ်ဝယ် စိတ်ဝိညာဉ်ဖြူစင်သန့်ရှင်းစေရန် လိုအပ်သောကူညီမှုတို့ကို ပေးပေသည်။

ဝိညာဉ်ရေးလမ်းညွှန်ဆိုသည်မှာ စက္ကရမင်တူးမဟုတ်သော ဩတ္တပစိတ်ကဏ္ဍဝယ် သက်ဆိုင်ပါဝင်ပေသည်။ဝိညာဉ်ရေးလမ်းညွှန်နည်းအားဖြင့် တစ်စုံတစ်ယောက်သည် သူ၏အတွင်းစိတ်ဖြစ်တည် ရှိမှုအခြေအနေအား ဘုန်းတော်ကြီး (သို့) သီလရှင် (သို့) လူဝတ်ကြောင်း တစ်ဦးဦးဆီအား ရင်ဖွင့်တိုင်ပင်ပြောဆိုကြသည်။

ရဟန်းသိက္ခာစက္ကရမင်တူးခံယူခြင်းဖြင့်သည် ခရစ်တော်တို့ ကိုယ်စားပြုလျက် ဤဝိညာဉ်လမ်းညွှန်ခြင်းကို ဘုန်းတော်ကြီးသည် အစေခံမှုတာဝန်တစ်ခုအဖြစ် အသင်းတော်ပါဝင်လုပ်ဆောင်ပေသည်။ဘုန်းတော်ကြီးသည် ရဟန်းသိက္ခာခံယူခြင်းဖြင့် သွန်သင်ပေးခြင်း တာဝန်ဖြူစင်သန့်ရှင်းစေခြင်း တာဝန်အုပ်ချုပ်ခွင့်တာဝန်တို့ရှိပေသည်။ယုံကြည်သူဘာသာသူတို့သည် ဆေးကြောခြင်း၊ စက္ကရမင်တူးခံယူခြင်းအားဖြင့် ဤတာဝန်သုံးရပ်ရှိပေသည်။

ဝိညာဉ်ရေးလမ်းညွှန်၌ တစ်ဦးတစ်ယောက်သည် သူ၏ဩတ္တပစိတ် အဘိရာဖြစ် အခြေအနေကို ဝိညာဉ်လမ်းညွှန်ဘုန်းတော်ကြီး (သို့မဟုတ်) ဝိညာဉ်ရေး၌ ကူညီပေးသူတစ်ဦးဦးအား ရင်ဖွင့်ပြောဆိုပေသည်။ဤဝိညာဉ်ရေးလမ်းညွှန်၌ တစ်ပါးသူ၏ကိုယ်ပိုင်စိတ်အသိအဖြစ် အခြေအနေကို တန်ဖိုးထားလေးစားရပေမည် (ကာနွန် ၂၂၀ )။ ဝိညာန်လမ်းညွှန်ကူညီသူသည် ဤဝိညာဉ်ရေးလမ်းညွှန်ကို အာပါဒ်ဖြေခြင်း စက္ကရမင်တူးကဲ့သို့ လေးစားတန်ဖိုးထားရပေမည်။

အာပါဒ်ဖြေနားထောင်သော ဘုန်းတော်ကြီးနှင့်ဝိညာဉ်ရေးလမ်းညွှန်ဘုန်းတော်ကြီးတို့သည် ရဟန်းအဖြစ်သင်ကျောင်းသားအား ရဟန်းသိက္ခာပေးရန် (သို့မဟုတ်) မပေးရန် ပြောဆိုနိုင်ခွင့်မရှိပေ(ကက်သလစ် ကာနွန် ၂၄၀ အပိုက် ၂ – အရှေ့တိုင်းအသင်းတော် ကာနွန် ၃၃၉ အပိုက် ၂)။

ပုံမှန်အာပါဒ်ဖြေနားထောင်သောဘုန်းတော်ကြီးနှင့် ဝိညာဉ်ရေးလမ်းညွှန်ဘုန်းတော်ကြီးတို့သည် တစ်ဦးတစ်ယောက်ဝိညာဉ်ရေးလမ်းညွှန်အဖြစ်ပြောဆိုထားသော အရာများကို ဖွင့်ဟပြောဆိုခွင့်မရှိပေ။ ဝိညာဉ်လမ်းညွှန်အဖြစ်ပြောဆိုထားသောအရာများကိုဖွင့်ဟပြောဆိုခွင့်မရှိပေ။ဝိညာဉ်လမ်းညွှန်ဘုန်းတော်ကြီးသည်ဘုရားရှင်၏ဂုဏ်တော်၊လူသားနှင့်အသင်းတော်ကောင်းကျိုးလူသားတို့ တို့၏ကယ်တင်ခြင်းတို့အတွက်နှင့် နှလုံးသွင်းလျက်သူ၏ဘဝနှင့် တာဝန်ကို နားလည်ရပေမည်။

## ၃။ လျှို့ဝှက်ချက်များနှင့် ပြောဆိုဆက်သွယ်ရာ၌ အခြားစောင့်စည်းရမည့်ကန့်သတ်ချက်များ

(Secrets and other limits proper to communication)

အာပါဒ်ဖြေခြင်းစက္ကရမင်တူးမှဖွင့်ဟချက်များ အာပါဒ်ဖြေခြင်းစက္ကရမင်တူးမဟုတ်သော ဖွင့်ဟချက်များကို ထိန်းသိမ်းလျှို့ဝှက်ထားရသကဲ့သို့အခြားလုပ်ငန်းတာဝန်တွေမှာလည်းအသင်းတော်အတွင်းမှာရောအရပ်ဘက်လူ့အဖွဲ့အစည်းအတွင်းမှာပါတစ်ချို့သူတို့လုပ်ငန်းသဘောသဘာဝရအရပရောဖက်ရှင်နယ်ပီသစွာထိန်းသိမ်းလျှို့ဝှက်ရလုပ်ငန်းတာဝန်တွေရှိပေသည်။သဘာဝရအရကိုကအဲ့လိုထိန်းသိမ်းလျှို့ဝှက်ရမယ်ဆိုတာပြဋ္ဌာန်းထားပီးသားဖြစ်ပေသည်။ အသင်းတော်၏သွန်သင်ချက်နံပါတ် ၂၄၉၁ ၌ ''ပြောဆိုရင်ဖွင့်ထားသောသူ၊နားထောင်ပေးထားသူနှင့်အခြားတစ်ဦးဦးအားကြီးမားသောအန္တရာယ်ဖြစ်စေလျှင်/ဖွင့်ဟပြောပြခြင်းဖြင့်ကြီးမားသောအန္တရာယ်အားရှောင်ရှားနိုင်လျှင်ဖွင့်ဟပြောဆိုနိုင်ပေသည်။''ဟုခြွင်းချက်ပြဋ္ဌာန်းပေးထားပါသည်။

တမန်တော်ကြီးတို့၏ အရိုက်အရာကို ဆက်ခံသောအချို့သော ရုံးတာဝန်များ ထမ်းဆောင်ချိန် လျှို့ဝှက်ခြင်း (အပြင်သို့မပေါက်ကြားစေရ) ကျမ်းကျိန်မှုသည် ပုပ်ရဟန်းမင်းဆိုင်ရာ လျှို့ဝှက်ချက် (pontifical secret ) ဖြစ်ပေသည်။ဤလျှို့ဂျက်ခြင်း ကျမ်းကျိန်မှုသည် အသင်းတော်ကောင်းကျိုးနှင့် ဝိညာဉ်ကယ်တင်ရေးအတွက် ဖြစ်ပေသည်။ဤလျှို့ဝှက်ခြင်းကျိမ်းကျိန်ဆိုမှုသည် ဝိညာဉ်ကယ်တင်ရေးအတွက် လိုအပ်ပေသည်။ဤလျှို့ဝှက်ခြင်းစည်း၌ မပါဝင်သောအသုံးပြုနိုင်သော အတင်းအချက်အလက်များကို ပုပ်ရဟန်းမင်းကြီးနားမ၌ တမန်တော်ကြီးများအဖွဲ့အစည်း (Apostolic see) သည် လမ်းညွှန်ကူညီပေးပေသည်။

အခြားသောလူမှုဆက်အရေးဆက်သွယ်ရေး (တစ်ဦးပုဂ္ဂိုလ်ဆိုင်သည်ဖြစ်စေ အများနှင့်ဆိုင်သည်ဖြစ်စေ) အခြေအနေများတွင် "သင်တို့သည် ကိုယ်၌ သူတစ်ပါးပြုစေလိုသည့်အတိုင်း သူတစ်ပါးကို ပြုကြသော " (သလုကား ၆ : ၃၁) ဟူသော ရွှေဥပဒေကို အခြေခံအားအဖြင့် အသင်းတော်သည် သွန်သင်လမ်းညွှန်ပေသည်။ ဤနည်းလမ်းနှင့်သူတစ်ပါး၏ကိုယ်ပိုင်သီးသန့်အကြောင်းအရာနှင့်ဘဝကိုလေးစားအသိအမှတ်ပြု၍ပါဝင်ကူညီရာရောက်ပေသည်။

ဘုရားသခင်သွန်သင်တော်မူသော ညီအစ်ကိုမောင်နှမစိတ်သဘောထားဖြင့် ပြောဆိုကူညီခြင်းသည် နေ့စဉ်လူမှုဆက်ဆံရေးဘဝတွင် အရေးပါလှပေသည်။အခြေအနေအချိန်အခါပေါ်မူတည်၍ တစ်ဘက်သားကောင်းကျိုးရှေးရှုပြောဆိုရပေမည်။"သင်၏ညီအစ်ကိုမိတ်ဆွေတစ်ဦးဦးက အပြစ်မကောင်းမှုပြုလျှင် သူ့ဆီသွား၍ သူ၏အပြစ်မကောင်းမှုကို ပွဲပြင်ကူညီပြောဆိုပေးပါ။သူသည် သင်၏စကားကို နားထောင်လျှင် သင့်အတွက် အောင်နိုင်ရာရောက်ပေသည်။သူမှလက်ခံရန် ငြင်းပယ်လျှင် အခြားညီအစ်ကိုနှစ်ဦးသုံးဦးတို့ကို သက်သေအဖြစ်ခေါ်၍သွားပါ။ထိုမှဆက်၍ ငြင်းပယ်လျှင် အသင်တော်သို့ အသိပေးကူညီပါ။(သံမာတေဦး ၁၈ : ၁၅-၁၇ )

ယနေ့ခတ် အချိန်အခါလွယ်ကူမြန်ဆန်သော ဆက်သွယ်ရေး၏သတင်းအချက်အလက်များသည် ပြယ်လွင် ပျောက်ကွယ်လွယ်၏။သတင်းအချက်အလက်တို့၏ အပြုနှင့် အပျက်သဘောတို့ကို လူသားတို့မှ သင်ယူတတ်ဖို့လိုပေသည်။အာပါဒ်ဖြေခြင်းစည်း (သို့) စက္ကရမင်တူးဆိုင်ရာ ချည်နှောင်ခြင်း၊ အမှတ်အသားသည် ဘယ်တော့မှ ချိုးဖျက်မရနိုင်သော အသင်တော်နှင့်လူသားတို့၏ကောင်းကျိုးအတွက် အကျိုးဆောင်သောတာဝန်တစ်ခုဖြစ်ကြောင်း ကျွန်တော်တို့သိခြင်းနားလည်ရပေမည်။

ဇဝံဂလီသတင်းကောင်းအား နေရာအနှံ့ဝေငှနိုင်ရန် အာပါဒ်ဖြေခြင်းစည်းအားအသက်နှင့်အမျှ ကာကွယ်ထိန်းသိမ်းရန် လူသားတို့၏ ဂုဏ်သိက္ခာနှင့် အမှန်တရား၊ အမှန်တရားဖြစ်တော်မူပေသော ခရစ်တော်ဘုရားရှင်အား ထိခိုက်ဖျက်ဆီးစေသော သတင်းအချက်အလက်များအား ကျွန်ုပ်တို့ကိုယ်တိုင် သတိဝရိယနှင့် ရှောင်ရှားနိုင်စေရေန် သန့်ရှင်းသော ဝိညာဉ်တော်ဘုရားကူညီမစတော်မူပါ။

အာပါဒ်ဖြေခြင်းစည်းနှင့် အခြားသြတ္တပစိတ်၏ သတင်းအချက်အလက်ဆိုင်ရာ အသင်းတော်၏ အစေခံလုပ်ငန်းတာဝန်တို့သည် အသင်းတော်၌ မယ်တော်မာရီယားနှင့် သံပေတရူးတို့၏ အစေခံကဏ္ဍကဲ့သို့ ဖြစ်ပေသည်။

ခရစ်တော်၏ ကိုယ်စားလှယ် သံပေထရူးနှင့် အတူ အသင်းတော်သည် ကမ္ဘာကုန်သည်တိုင်အောင် သာသနာ့ဝန်ကို ထိန်းသိမ်းအစေခံဆောင်ရွက်တော်မူသည်။ တစ်ဦးတစ်ယောက်၏ သြတ္တပစိတ်နှင့် ဘုရားရှင်ကြားပြောသောအကြောင်းအရာများကို မယ်တော်ကာရီယားကဲ့သို့ အသင်းတော်သည် “ထိုအရာအလုံးစုံကို သူ၏နှလုံး၌ ထိန်းသိမ်းထားတော်မူ၏” (သံလုကာ ၂ း ၅၁) အသင်းတော်သည် ထိုအရာများကို ကာကွယ်စောင့်ရှောက်တော်မူသည်။

ဤစာစောင်အား ၂၁ရက် ဂျွန်လ ၂၀၁၉ တွင်ပုပ် ဖရန်စစ် အရှင်သူမြတ်မှ အသိအမှတ်ပြု၍ ထုတ်ဝေစေခဲ့သည်။

စိန်ပီတာနှင့်စိန်ပေါပွဲနေ့ ၂၉ ဂျွန် ၂၀၁၉ (ဘုရားရှင်၏နှစ်) နောင်တနှင့် အပြစ်လွတ်ခြင်းဆိုင်ရာရုံး၌ ရောမမြို့

Mocro card. Piacenza
(ရုံးအကြီးအကဲ)
Many krzysztof Nykiel
(ကိုယ်စားလှယ်)